ဥယျောဇဉ်

ဝေါဟာရအဘိဓာန်အမျိုးမျိုးကို ရှေးကရေးသားပြုစုထုတ်ဝေခဲ့ဖူးပါသည်။ သမိုင်းသုတေသန အတွက် အသုံးဝင်သော အဘိဓာန်များမှာ ဦးမောင်မောင်တင်၏ **ရွှေနန်းသုံးဝေါဟာရအဘိဓာန်**၊ ဖေယသခံယာ၏ **ရွှေဘုန်းဒါန်း**၊ အသျင်သြဘာသဘိဝ်သ၏ **သုတေသနသရုပ်ပြအဘိဓာန်**၊ ဒေါက်တာရီရိ၏ **သုသေသန အဘိဓာန်မှတ်စု**၊ ဦးဟုတ်စိန်၏ **ပါဠိ-မြန်မာအဘိဓာန်**၊ ဒဂုန်ဦး၏ **ပါဠိသက် ဝေါဟာရအဘိဓာန်**၊ ဦးသုခ၏ **သုဓမ္မတ်စု** နှင့် ပေါရာဏအဘိဓာန်များ စသည်တို့ ဖြစ်ကြသည်။ သို့ရာတွင် ထိုအဘိဓာန်တို့မှာ မဟာရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းများတွင်ပါရှိသော သမိုင်းဝေါဟာရအစုံအလင်ကို စုစည်း၍ ပြုစုထားသော အဘိဓာန်များ မဟုတ်ကြပေ။ သမိုင်းသုတေသနအတွက် ခေတ်ဟောင်းသမိုင်း ဝေါဟာရများကို တပေါင်းတစည်းတည်း စုစည်း၍ စာအုပ်ထုတ်ဝေနိုင်လျှင် သမိုင်းသုတေသီများအတွက် ပိုမိုလွယ်ကူစွာ ရှာဖွေသိရှိနိုင်မည်ဟု စိတ်ကူးမိခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဧည်သူ ဂါမဏီသကြီးစီရင်သည့် ဇင်းမယ်ရာဇဝင်ဝေမူကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့စဉ်က ရာဇဝင်ပါ ရှေးအသုံးအနှုန်းနှင့် ဝေါဟာရအဓိပ္ပာယ်၏ အဓိပ္ပာယ်ကိုရှာဖွေရန် အခက်အခဲများကြုံတွေ့ခဲ့ရကျေးသည်။ ရာဇဝင်ပါ ဝေါဟာရအချို့၏ အဓိပ္ပာယ်ကို သိရှိရန် စာကြည့်တိုက်များရှိ အဘိဓာန်များနှင့် အခြား ကျမ်းအစောင်စောင်ကို ရှာဖွေဖတ်ရှုခဲ့ရသည်။ ထို့ကြောင့် သမိုင်းဝေါဟာရစုံစုံလင်လင်ကို အဓိပ္ပာယ် ဖွင့်ဆိုထားသော အဘိဓာန်မျိုးရှိလျှင် ဘာသာပြန်လုပ်ငန်းတွင် ကြန့်ကြာမှုမရှိနိုင်ပါမှသော အသိသည် ထိုစဉ်ကပင်ပေါ်လာမိခဲ့သည်။ သမိုင်းဘာသာကို အထူးပြုလေ့လာပြီး မဟာဝိဇ္ဇာကျမ်းပြုနေသော ကျောင်းသူ ကျောင်းသားများနှင့် မြန်မာရာဇဝင်တော်ကြီးများနှင့် အမိန့်တော်များကို လေ့လာဖတ်ရှု နေကြသူများအတွက်လည်း သမိုင်းဝေါဟာရ အဓိပ္ပာယ်ကို နားလည်သိရှိရန် လိုအပ်ပါသည်။ ယခုအချိန် အထိ ခေတ်ဟောင်းသမိုင်းဆိုင်ရာ ဝေါဟာရများကိုစုစည်း၍ ပြုစုထားသော ပြည့်စုံသည့်အဘိဓာန်လည်း မရှိသေးသဖြင့် ခေတ်ဟောင်းမြန်မာ့သမိုင်း အဘိဓာန် တစ်စောင် ထုတ်ဝေင့်သည်ဟူသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ဦးသိန်းလွင်ဒေး၏ သမိုင်း ကျမ်းများ၊ အမိန့်တော်များ၊ မှတ်တမ်းများတွင် ပါရှိသော သမိုင်းဝေါဟာရများကိုစုစည်း၍ အဘိဓာန် တစ်အုပ်ပြုစုရန် တိုက်တွန်းမိခဲ့သည်။ တိုက်တွန်းချက်အတိုင်း ဦးသိန်းလွင်သည် ရသမျှ အချိန်အတွင်း တွင်ပင် ဤခေတ်ဟောင်းမြန်မာ့သမိုင်း သုတေသနအဘိဓာန်ကို ပြုစုနိုင်ခဲ့သဖြင့် ဝမ်းမြောက်စွာ ကြေဆိုပါသည်။ ဤအဘိဓာန်သည် အလွန်စုံလင်သော အဘိဓာန်မဟုတ်စေကာမူ လူငယ်သုတေသီများနှင့် မြန်မာ့သမိုင်းကို လေ့လာဖတ်ရှုနေသူများအတွက်သာမက မြန်မာရာဇဝင်တော် ကြီးများ၊ အမိန့်တော်များနှင့် မှတ်တမ်းများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုနေသူများအတွက် အတော်အတန် အထောက်အကူပြု နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

(နီနီမြင့်)
ညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

၁၊ ဒီဇင်ဘာ၊ ၁၉၉၉

စကားဦး

မဟာရာဇဝင်တော်ကြီးများ၊ ရာဇဝင်များ၊ အမိန့်တော်များ၊ ကျောက်စာများ၊ မင်စာများ၊ ဓမ္မသတ်များ၊ **ဇဏ္ဍီ၊ ဗီပ ဥဆောင်းကျမ်း**၊ **ရွှေနန်းသုံးဝေါဟာရအဘိဓာန်**၊ **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း** နှင့် **ရွှေဘုန်းဒါန်း**တို့တွင်ပါဝင်သော ခေတ်ဟောင်းမြန်မာ့သမိုင်းဆိုင်ရာဝေါဟာရများ၊ ပေါရာဏများ၊ အနုပညာနှင့်ဗိသုကာမှဆိုင်ရာ အသုံးအနှုန်းများ၊ သာသနာရေးနှင့်လူမှုရေးဆိုင်ရာဝေါဟာရများ၊ ပါဠိစကားလုံးများ၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာရေဗီယံ၊ အိတလီနှင့် အိန္ဒိယအမည်များ၊ အခေါ်အဝေါ်များကိုထုတ်နှတ်၍ ဤအဘိဓာန်ကို ပြုစုထားခြင်းဖြစ်ပါသည်။ သမိုင်းဆိုင်ရာ အချက်အလက်များကို စုစည်းဖော်ပြသည့်အဘိဓာန်မဟုတ်ဘဲ ဝေါဟာရများနှင့်အသုံးနှုန်းများ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြသည့် အဘိဓာန်သာဖြစ်ပါသည်။ အထူးသဖြင့် ခေတ်ဟောင်းမြန်မာ့သမိုင်းကို လေ့လာလိုသူများ၊ လေ့လာလျက်ရှိသောသူငယ်များ၊ **သုတေသနနယ်ပြလျက်ရှိသော** လူငယ်များအားအခြေခံအားဖြင့် အထောက်အကူပြုစေနိုင်ရန်ရည်ရွယ်၍ ဤအဘိဓာန်ကိုပြုစုခဲ့ပါသည်။

လေ့လာမှတ်သားထားခဲ့သော မှတ်စုများနှင့် လက်လှမ်းမီသမျှကျမ်းများ၊ အဘိဓာန်များ၊ စာအုပ်စာတမ်းများကို မှီငြမ်း၍သမိုင်းဆိုင်ရာဝေါဟာရများ၏အဓိပ္ပာယ်ကို ကြီးစားဖွင့်ဆိုပါသည်။ ဤအဘိဓာန်ပါ ပါဠိဝေါဟာရများမှာ ရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့်သမိုင်းမှတ်တမ်းများတွင်ပါရှိသော စကားလုံးများသာ ဖြစ်သည်။ မိမိဖော်ပြလို ရာပါဠိစကားလုံးများကို အလျှင်းသင့်သလိုထည့်သွင်းဖော်ပြထားခြင်းမဟုတ်ပါ။ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာရေဗီယံ၊ အိတလီ၊ အိန္ဒိယအမည်များနှင့် အခေါ်အဝေါ်များမှာလည်း ရာဇဝင်တော်ကြီးများ၊ အမိန့်တော်များနှင့်သမိုင်းမှတ်တမ်း များပါ အမည်နှင့်စကားလုံးများသာ ဖြစ်ပါသည်။

ဝေါဟာရအဓိပ္ပာယ် ဖွင့်ဆိုချက်များ ခိုင်လုံရေလန့်အတွက်အကိုးအကားများကိုလက်လှမ်းမီသမျှရှာဖွေ၍ ဖော်ပြထား ပါသည်။ ဖော်ပြချက်မခိုင်လုံလျှင် မသေချာလျှင် (?) ဟူသောအမှတ်အသားဖြင့်ပြသထားသည်။ ကိုးကားသောကျမ်း၏ အမည်ကို အတိုချုံး၍ဖော်ပြထားသည်။ အတိုချုံးရာတွင် အတိုမှတ်ကိုကြည့်ရှုံ့ဖြင့် မူလကျမ်းအမည်ပေါ် တောင်လည်း ကြိုးစားစီစဉ်ပါသည်။ ကျမ်းအမည်အကြည့်အစုံကို သိလိုသူတို့အတွက် အတိုမှတ်စာရင်းကိုလည်း ဖော်ပြထားသည်။ အကြေပေးလမ်းညွှန်သောပုဒ်ရှိလိမ်းစ်၏အမည်များကိုမူ အကြည့်အစုံမဖော်ပြဘဲ အတိုချုံး၍တစ်လုံးတည်းသာ ဖော်ပြ ထားပါသည်။

အဓိပ္ပာယ်ဖော်ပြချက် ပိုမိုခိုင်မာစေရန်နှင့် ရှင်းလင်းစေရန်အတွက်သက်ဆိုင်ရာစကားလုံးပါသော ဝါကျနှင့်စာပိုဒ်ကို လည်းအလျှင်းသင့်သလိုဖော်ပြထားသည်။ ပိုမိုရှင်းလင်းစေရန်အတွက် အချို့အခေါ်အဝေါ်နှင့်ဝေါဟာရများ၏ဓာတိပုံနှင့် ရှပ်ပုံများကို တတ်စွမ်းသမျှရှာဖွေ၍ ယှဉ်တွဲဖော်ပြထားသည်။ ပါဠိစကားလုံးများကို အမိပ္ပာယ်ဖော်ရာတွင် အဘိဓာန်ကိုသာ အားမကိုးဘဲ ပါဠိဘာသာကျမ်းကျင်သူများဖြစ်ကြသော ဦးညွှန်မောင်(သာသနဇလသီရိပဝရ မြေခရရိယ၊ ဝိဇ္ဇာဘွဲ့နှင့် စာကြည့်တိုက်ဒီပလိမာ)နှင့် ဦးမြင့်သန်းဌေ (သာသနဇလသီရိပဝရမဟာစရိယနှင့် ဝိဇ္ဇာဘွဲ့)တို့အား မေးမြန်းညှိနှိုင်းပါသည်။ တရုတ်စကားလုံးများကိုမူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်မှ တရုတ်စာပေမဟာဝိဇ္ဇာဘွဲ့ရဒေါက်တာ(တက္ကသိုလ်များသမိုင်းသုတေသနနဦးဦးဌာနသုတေသနအရာရှိ)က ကူညီသည်။ အမျိုးစကားလုံးများကိုအဓိပ္ပာယ်ဖော်ရာ တွင် မြန်မာ့သမိုင်းအဖွဲ့ဝင်(ဆရာဦးမောင်မောင်တင်)နှင့် မြန်မာစာအဖွဲ့ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံလွင်တို့က ပံ့ပိုးကူညီခဲ့ကြသည်။ သို့ရာတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များတိမ်းယိမ်းမှုရှိပါက ထိုပုဒ်ရှိလင်ကြီးများ၏ချို့ယွင်းချက်မဟုတ်ဘဲ ကျွန်တော်၏အမှားအယွင်းအဖြစ်သာ မှတ်ယူပါရန်ပန်ကြားအပ်ပါသည်။

စုဆောင်းရရှိသောစကားလုံးများဖြင့် ဤအဘိဓာန်ကိုပြုစုနိုင်အောင် အဓိကအားပေးသူတို့မှာမြန်မာ့သမိုင်းအဖွဲ့ဝင် အကြီးပေါစားသမိုင်းပါဓေတွေ ဦးတွန်းအောင်ခိုန်နှင့်တက္ကသိုလ်များသမိုင်းသုတေသနဦးဦးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နီနီမြင့်တို့အား ကျေးဇူးများစွာတင်ရှိကြောင်း ဦးစွာဖော်ပြအပ်ပါသည်။ အထောက်အထားခိုင်မာသော အဘိဓာန် ပြုစုရေးအတွက် အားပေးလမ်းညွှန်သောမြန်မာ့သမိုင်းအဖွဲ့ဝင် ဦးသန်းတွတ်(ဆရာတိုက်ဒီး)အားလည်းကောင်း၊ ဤ အဘိဓာန်ပြုစုနိုင်အောင် သမိုင်းပညာများပေးခဲ့သော ဆရာဝေါဟ်တာသန်းထွန်းအားလည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆို ချက်အချို့ကို မှန်ကန်အောင်ပြုပြင်ပေးသော မြန်မာ့သမိုင်းအဖွဲ့ဝင်(ဦးဟောင်မောင်တင်)နှင့် မြန်မာစာဦးဦးဌာနညွှန်ကြား ရေးမှူးချုပ် ဦးစံလွင်တို့အားလည်းကောင်း၊ ရှပ်ဝတ္ထုတော်များ၏ လက်ဟန်အနေအထား(ဖုန်ဘာ)နှင့် ဓြေဟန်အနေအထား ထိုင်ပုံအနေအထား(အာသန)တို့အတွက် လမ်းညွှန်ကူညီသော မြန်မာ့သမိုင်းအဖွဲ့ဝင် ဦးစစ်ထွန်းမှတ်တမ်းအား လည်း ကောင်း၊ ပါဠိစကားလုံးများကိုအဓိပ္ပာယ်ဖော်ပေးသော ဦးညွှန်မောင်နှင့် ဦးမြင့်သန်းဌေတို့အားလည်းကောင်း၊ ဂီတသာတင် အနုပညာဆိုင်ရာဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုကူညီသော ယဉ်ကျေးမှုတက္ကသိုလ်အနုပညာဌာန ညွှန်ကြားရေးမှူး (အင်ဂြိမ်းစား) ဦးအောင်သွင်အားလည်းကောင်း၊ တရုတ်စကားလုံးများကို အဓိပ္ပာယ်ဖော်ပေးသော ဒေါ်ဝင်းအား လည်းကောင်း၊ ကိုးကားသော စာအုပ်စာတမ်းများကို ကြိုးစားရှာဖွေပေးသော တက္ကသိုလ်များအတိုင်းတည်ကိုက်မှု ဒေါ်တင်ဘုန်းနွယ်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ တက္ကသိုလ်များသမိုင်းသုတေသနနဦးဦးဌာန စာကြည့်တိုက်မှူး ဒေါ်စန်းစန်းနှင့်စာကြည့်တိုက်ဝန်ထမ်းများအားလည်းကောင်း၊ အခြားပိုင်းခန်းကူညီကြသော ပုဂ္ဂိုလ်များအားလည်း ကောင်းကျေးဇူးများစွာတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဤအဘိဓာန်တွင် ဖော်ပြထားသောရှပ်ပုံအချို့ကို မြန်မာစာအဖွဲ့ဦးစီးဌာနကထုတ်ဝေသည့် မြန်မာအတိဓာန်မှ လည်းကောင်း၊ ဆရာဦးစစ်ထွန်းမှတ်တမ်း ပြုစုသည့်ဖြောမှားနှင့် အာသနစာအုပ်များမှလည်းကောင်း ရေးဖောင်းစာပေသုတေသီတစ်ဦးပြုစုသည့် စကျားစက်မှု စာအုပ်ငယ်များနှင့် သင့်လျော်ရာစာအုပ်များမှလည်းကောင်း ကူးယူလက်ခံရရှိခြင်းဖြစ်ပါသည်။ သို့ပါ၍ ထိုဦးစီးဌာနများနှင့်စာအုပ်များ ရေးသားပြုစုသည့်ပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်နိုင်ပါသည်။

ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေသော ခေတ်ဟောင်းမြန်မာ့သမိုင်းသုတေသနအဘိဓာန်တွင် ထပ်မံရှာဖွေတွေ့ရှိသည့် ဝေါဟာရ တစ်ထောင်ကျော်ကို ပြည့်စုံကိန်းပါသည်။ ထို့ကြောင့် ဒုတိယအကြိမ်ပုံနှိပ်သည့်အဘိဓာန်တွင် ဝေါဟာရ စုစုပေါင်း ၄,၈၄၂ လုံးပါရှိသည်။ ပထမအကြိမ်ပုံနှိပ်စဉ်က သတ်ပုံနှင့်အချက်အလက် အမှားအယွင်းအနည်းငယ်ကို လည်း ဒုတိယအကြိမ်ပုံနှိပ်ရာတွင် ပြင်ဆင်ခဲ့ပါသည်။ ဤတတိယအကြိမ်ပုံနှိပ်ရာတွင်မူ ဒုတိယအကြိမ်ပုံနှိပ်ခဲ့သည့်စာမူကို လုံးဝပြင်ဆင်ပြည့်စုံကန်ခြင်းမပြုခဲ့ပါ။ ထို့ကြောင့်ဒုတိယအကြိမ်နှင့်တတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည့်အဘိဓာန်နှင့် ပတ်သက်၍ဖေးပုံခြေမည့်အကြံဉာဏ်များကို ကြိုဆိုလျက်ရှိကြောင်းဖော်ပြအပ်ပါသည်။



သိန်းလွင်ဒေ
ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး)၊ မဟာဝိဇ္ဇာ(ဂုဏ်ထူး)

ကျမ်းကိုးအတိုမှတ်စာရင်း

ကညောဝါဒ	ဆရာသိန်း။ **ကညောဝါဒီပခီကျမ်း**၊ ရန်ကုန်ဖြို့၊ ရတနာသီရိစာပုံနှိပ်တိုက်၊ ၁၂၃၇
ကတူးကနန်း	အကျိစော။ **လေ့လာမိသမျှကတူးကနန်းဒေသ**၊ ရန်ကုန်ဖြို့၊ စာပေဓာတ်၊ ၁၉၇၅
ကများ၀န္ဓ	ဦးတင်။ **ကများ၀န္ဓသာရကျမ်း**၊ ရန်ကုန်ဖြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၉
ကရင်ရာဇဝင်	ဦးပညာ၊ ကရင်ရာဇဝင်၊ ရန်ကုန်ဖြို့၊ ခွဲစာပုံနှိပ်တိုက်၊ ၁၉၆၅
ကဝိ	ဆီးပန်းနီဆရာတော်။ **ကဝိမဏ္ဍာနမေဒနီကျမ်း**၊ ပထမတွဲ၊ မန္တလေးဖြို့၊ ရတနာသိဒ္ဓိ စာပုံနှိပ်တိုက်၊ ၁၉၇၂
ကဝိသေနဂ်	ဦးအောင်။ **ကဝိသေနဂ်ဏ္ဍဟာကျမ်း**၊ ရန်ကုန်ဖြို့၊ ရွှေထီးတံဆိပ် ပိဋကတ်စာအုပ်ဆိုင်၊ ပုံနှိပ်နှစ်မပါ
ကာလေး	အရှင်ပဒုမ။ **ကာလေးဖြေသမိုင်း**၊ ပုံနှိပ်ဖြို့မပါ၊ ပုံနှိပ်တိုက်နှင့် ပုံနှိပ်နှစ်မပါ
ကုသပ္ပိ	ဗုဒ္ဓေးဧကာဝန်ဆရာတော်။ **ကုသပ္ပိ**၊ မန္တလေးဖြို့၊ ဟံသာဝတီပိဋကတ် စာပုံနှိပ်တိုက်၊ ၁၉၂၀
ကိုးခရိုင်	ဦးဘသိမ်း။ **ကိုးခရိုင်သမိုင်း**၊ မန္တလေးဖြို့၊ ကျားစာပုံနှိပ်တိုက်၊ ခုနှစ်မပါ
ကိုးဇော်	ဦးကျော်ထွန်း။ **ကိုးဇော်ဗျိုင်ကာကျမ်းကြီး**၊ သထုံဖြို့၊ ရွှေထုံနဂရစာပုံနှိပ်တိုက်၊ ၁၉၂၇
ကမ်ပါ	ဦးဝိမလ။ **ကမ်ပါမေးခွန်းနှင့်အဖြေ**၊ ရန်ကုန်ဖြို့၊ သင့်အဝပုံနှိပ်တိုက်၊ ၁၉၇၃
ကင်းစာရင်း	ရေးဟောင်းစာပေသုတေသီတစ်ဦး။ **နိုင်ငံတော်အတွင်း ရွှေနကင်းစာရင်း**၊ ပုရိုက်၊ စကျားစက်မှု၊ ရန်ကုန်ဖြို့၊ မြန်မာမှုဒိမာန်စာပေဘာဇင်၊ ခုနှစ်မပါ
ကုန်းဘောင်	ဦးမောင်မောင်တင်။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး**၊ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ ရန်ကုန်ဖြို့၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၈၅၊ ၁၉၆၀၊ ၁၉၆၈
ကမ္ဘ	ဆင်ထဲဆရာတော်ကြီး။ **ဆင်ထဲသပ္ပြိဟ်အကောက်နှင့် ကမ္ဘတေဒဿီမ္ဘယကျမ်း**၊ ရန်ကုန်ဖြို့၊ မင်္ဂလာတိုမ္ဘိုးစာပုံနှိပ်တိုက်၊ ၁၉၂၇
ကျော်အောင်စံထား	ကျော်အောင်စံထားဆရာတော်။ **ဓေါဟာရဣဿမကာသနီ**၊ ရန်ကုန်ဖြို့၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၉၆၆
ကျွန်တော်ဖြူရှိ	လူထုဦးလှ။ **ကျွန်တော်ဖြူရှိကရက်**၊ မန္တလေးဖြို့၊ ကြီးမွားရေးပုံနှိပ်တိုက်၊ ၁၉၇၀
ခေတ်ဟောင်း	ဒေါက်တာသန်းထွန်း။ **ခေတ်ဟောင်းမြန်မာရာဝင်**၊ ရန်ကုန်ဖြို့၊ မဟာဒုံစာပေထုတ်ဝေ ရေး၊ ၁၉၆၉
ခုဒ္ဒကနိကာယ်	အရှင်မဟာဒုဒ္ဓဃောသ။ **ခုဒ္ဒကနိကာယ်စာတကဋ္ဌကထာ**၊ ပထမအုပ်၊ ရန်ကုန်ဖြို့၊ သာသနာရေး ဦးစီးဌာန၊ ၁၃၂၀
ဂီတ၊ ဒုဗ	ဣန္ဒာ၀ဓိရ။ **မဟာဂီတအဘိဓာ**၊ ဒုတိယတွဲ၊ ရန်ကုန်ဖြို့၊ အမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၆၈
ဂ္ဂိ	ရှင်မဟာရဏသာရ။ **ဂ္ဂိသာရဗျိုဟ်**၊ ရန်ကုန်ဖြို့၊ အာရုစာအုပ်တိုက်၊ ၁၉၅၀
ဌေရတ	ဌေရတသာဝင်အထိမ်းအမှတ် ပုံနှိပ်ပြီးစာတမ်းစု၊ ရန်ကုန်ဖြို့၊ နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန၊ ၁၉၈၂
စလေဦးဗုည	ဦးမောင်မောင်တင်။ **စလေဦးဗုည**၊ ရန်ကုန်ဖြို့၊ ၁၉၆၆
စာပေသမိုင်း	ဦးဘောမောင်တင်။ **မြန်မာစာပေသမိုင်း**၊ ရန်ကုန်ဖြို့၊ သုမေဓတိကျောင်းသုံးစာအုပ် ထုတ်ဝေသောဌာန၊ ၁၃၂၂
စောင်း	ရာမည၊ကိုကိုနိုင်။ **မြန်မာ့စောင်း**၊ ရန်ကုန်ဖြို့၊ စာပေဓာတ်ပုံနှိပ်တိုက်၊ ၁၉၇၈
စောင်းဃ	ရာမည၊ကိုကိုနိုင်။ **မြန်မာ့စောင်း**၊ ဒုတိယတွဲ၊ ရန်ကုန်ဖြို့၊ စာပေဓာတ်ပုံနှိပ်တိုက်၊ ၁၉၇၄
စစ်ကိုင်း	ရွှေပြည်ဦးဘတင်။ **စစ်ကိုင်းတောင်သမိုင်း**၊ မန္တလေးဖြို့၊ မန္တလာဘုမ္ဘိစာပုံနှိပ်တိုက်၊ ၁၂၉၇